

# အမှောင်တွင်းက အလင်းတစ်စ

အရှင်ဉာဏိက

နယူးယော့ပြည်နယ်ရဲ့မြို့တော် အော်ဘနီမြို့နဲ့ သုံးဆယ့်ခုနစ်မိုင်ဝေးတဲ့ ဟောက်စ်ကေ့ဗ် (Howes Cave) မှာရှိတဲ့ (Howe Caverns) ဆိုတဲ့ နေရာလေးဆီ သွားခဲ့တယ်။ ဒီနေရာက သဘာဝနဲ့ဖန်တီးမှုကို အချိုးတကျ ပေါင်းစပ်ထားတဲ့ ဂူတစ်ခု။ ဒီဂူအကြောင်း အရင်က နာမည်လေးမျှပင်သဲ့သဲ့ မကြားဘူးခဲ့။ အော်ဘနီအနီးက ကြည့်ရှုစရာတွေကိုကြည့်ဖို့ အော်ဘနီနဲ့ ဟပ်ဆန်မြစ်သာခြားတဲ့ ရင်ဆလီယားမြို့လေးမှာ သီတင်းသုံးနေထိုင်တဲ့ ဓမ္မဝါဒီအောင်မြင်မင်္ဂလာဆရာတော် ဦးဣသရိယက စီစဉ်တယ်။ သူစပြောတော့ လုံးဝမကြားခဲ့ဘူးတဲ့ နာမည်ဖြစ်နေလို့ ဒီနေရာကိုသွားဖို့ လုံးဝစိတ်မဝင်စားမိဘူး။ ဒီမြေအောက်လိုဏ်တစ်ခုဟာ စိတ်ဝင်စားဖို့ ကောင်းလိမ့်မယ်လို့လည်း မထင်ခဲ့ဘူး။ သို့ပေမယ့် ရောက်တုံးရောက်ခိုက်ပဲလေ။ သွားမယ်ဆိုတော့ သွားတာပေါ့။ သွားခဲ့တယ်။

ဒီရာသီက အရှေ့ပိုင်းပြည်နယ်တွေ၊ အထူးသဖြင့် နယူးအင်္ဂလန်ဒေသတွေရဲ့ အစိမ်းလန်းဆုံး အချိန်လေ။ ရေခဲမှတ်ရောက်အောင်အေးပြီး စနိုးတွေနဲ့ဖွေးနေတတ်တဲ့ နယူးယောက်ပြည်နယ် အထက်ပိုင်းဒေသမှာ တတောတတောင်လုံး စိမ်းလန်းစိုပြေမှုတွေနဲ့ အပြည့်ဖြစ်နေစေဖို့ဆိုတာက တစ်နှစ်တာလုံးမှာမှ အလွန်ဆုံး လေးငါးလမျှပဲရှိတာ။ ဒါတောင် မိုးလေကင်းစင်ပါမှ ဒီအလှတွေကို အပြည့်အဝ မြင်ရတွေ့ရတာ။ မိုးထဲလေထဲမှာဆို သွားလာဖို့က အဆင်မပြေတတ်ပြန်ဘူး။ နောက်ပြီး မိုးလေကြားမှာ သစ်ပင်သစ်တောတွေရဲ့ မြင်ကွင်းက ဣန္ဒြေရရ ခုလို ငြိမ်ငြိမ်လေးလှနေတဲ့ အလှမျိုး ဖြစ်ကောင်းမှ ဖြစ်မှာ။ ခုချိန်မှာတော့ ရာသီကလည်း နွေးနွေးထွေးထွေး။ နေရောင်ခြည်ကလည်း ထိန်ထိန်လင်းလို့။ ကြည့်လေရာ အရပ်မျက်နှာတိုင်း စိမ်းလန်းနေတဲ့ တောတောင်တစ်ခွင်ပေါ်မှာ နေရောင်ခြည်ဖြာလင်းနေပုံက တကယ့်ကိုမှ ကမ္ဘလာအခင်းပေါ် မြရည်သွန်းလောင်းထားသည့်ဟန်။ အေးချမ်းမှုနဲ့ လန်းဆန်းမှုကို တောတောင်တခွင်က အပြည့်အဝ သယ်ဆောင်ပေးနိုင်ခဲ့တယ်။ မြေမပြန့်ပေမယ့် လွင်ပြင်ကျယ်တစ်ခုဖြစ်နေတဲ့ တောင်ဝှမ်းကြားမှာ အနိမ့်အမြင့် အကွေ့အဝိုက် ဖြတ်ဖောက်ထားတဲ့ ဖရီးဝေးလမ်းမကြီးတလျှောက် မြင်လိုက်ရတဲ့ မြင်ကွင်းကလည်း ရင်သပ်ရှုမောဖွယ်ရာ။ ဒါဟာဖြင့် လှပတဲ့ ခရီးလမ်းကြောင်းတစ်ခုပါပဲ။ ဟောက်စ်ကေ့ဗ်ကို မရောက်မီကတည်းက ဂူကိုသွားတဲ့ ဒီခရီးက သွားရတာ ထိုက်တန်ပါရဲ့လို့ မှတ်ချက်ပြုမိလိုက်တယ်။

မြေအောက်လိုဏ်ဂူရှိရာရောက်တော့ ကြီးမားတဲ့အဆောက်အဦတစ်ခုကို စိမ်းလန်းတဲ့သစ်တောကြီး နောက်ခံပြုလို့ ကျယ်ပြန့်တဲ့မြက်ခင်းပြင်အလယ်မှာ တွေ့လိုက်ရတယ်။ အဆောက်အဦးရဲ့ ရှေ့မျက်နှာ ဆင်ခြေလျှောမြေပြင်ကျယ်ကကျယ်ပြန့်တဲ့ မြက်ခင်းစိမ်းစိမ်း။ အခြားတစ်ဖက်မှာတော့ ခရီးသွားများ ကားရပ်နားရာ နေရာ။ ကားရပ်ရာ အစွန်းဟိုဖက်မှာတော့ သစ်တော။ အဆောက်အဦရှိတဲ့နေရာက တောင်ကမ္ဘားယံမို့မို့မှာမို့ မျက်စိတဆုံးမြင်နေရတဲ့ ဒယ်အိုးသဏ္ဍာန်ကွင်းပြင်ကြီးက ဟိုးခပ်လှန်းလှန်း တစ်ဖက်တောင်တန်းတွေအထိ။ လွင်ပြင်ကျယ်အတွင်းမှာတော့ ဥဒဟို ဖြတ်သန်းဖောက်လုပ်ထားတဲ့ အဝေးပြေးကားလမ်းမကြီးများပေါ် ဟိုမှသည်မှဖြတ်သန်းသွားနေကြတဲ့ ကားကြီးကားငယ်တွေ။ စိုက်ခင်းတွေ၊ နွားစားကျက်တွေနဲ့ နွားအုပ်တွေကို မြင်နေရတယ်။ လန်းဆန်းမှု၊ လွတ်လပ်မှု ၊ အေးငြိမ်းမှုတွေကို တစ်ပြိုင်နက်ထဲ၊ တဝကြီးခံစားလို့ရနိုင်တဲ့ ရပ်ဝန်း။ ရပ်တန့်ထိုင်နားလို့ မျှော်ငေးကြည့်ရှုနေမိတယ်။

လက်မှတ်ဖြတ်ပြီး ဂူထဲဝင်ရမယ်ဆိုတော့ ထုံးစံအတိုင်း တောထဲကို ဝင်ရမယ် ထင်လိုက်တာ။ ကိုယ်တွေ့ဖူးတဲ့ဂူတွေဆိုတာက တောထဲတောင်ထဲ။ တောင်စောင်းတွေမှာ၊ သစ်ပင်ကြားမှာ။ ခုတွေ့နေရတာက ခေတ်မီ အဆောက်အဦတစ်ခု။ အမှတ်တရ ပစ္စည်းဆိုင်တွေ၊ ချော့ကလက်ဆိုင်တွေ၊ ကော်ဖီနဲ့ စားသောက်ဆိုင်တွေနဲ့အပြည့်။ ခုလိုခမ်းနား

ထည်ဝါတဲ့ အဆောက်အဦကြီးထဲက ဝင်ရမယ်ဆိုတော့ ဂူဆိုတဲ့စကားနဲ့က မစပ်ဟပ်မိသလို။ စိတ်ထဲမှာလည်း စိမ်းနေသလို။ အဆောက်အဦး ဝန်းကျင်တဝိုက်မှာလည်း တစ်မိုင်ခွဲခန့်ရှည်တဲ့ မြေအောက်လိုဏ်ဂူတစ်ခုရဲ့ သင်္ကေတဆိုလို့ ဘာအစအနမှပင် မတွေ့မြင်ရ။ ဟုတ်ကော ဟုတ်မှ ဟုတ်ပါလေစ။ ဂူရသ အလှ မဲ့လွန်းလိုက်တာ။ ဒီလိုကိုယ်က ထင်လိုက်မိခဲ့တယ်။

လက်မှတ်အရောင်းဌာနဘေးကဖြတ်လို့ အခန်းတစ်ခန်းထဲကို ဝင်ရတယ်။ အနည်းငယ် အောက်ကိုဆင်းအပြီး ဓာတ်လှေကားရှိရာ နောက်အခန်းတခန်းကိုရောက်တယ်။ လူသုံးဆယ်လောက်ခန့်ရှိတဲ့ ကိုယ်တို့အဖွဲ့ကို ဦးဆောင်မယ့် ညှို့လမ်းညွှန်မိန်းကလေးက ဂူသမိုင်းကြောင်းနဲ့ ဂူတွင်းလုံခြုံရေးအကြောင်း စတင်ရှင်းပြတယ်။ ဂူက မြေအောက် ၁၅၆ ပေအနက်မှာမို့ ဓာတ်လှေကားနဲ့ မြေအောက်ကိုဆင်းရမယ်–တဲ့။ တောင်စွယ်တောင်စောင်း သူတော်ကောင်းတွေ ခိုအောင်းလေ့ရှိတဲ့ ဂူမျိုးမဟုတ်။ တောနက်တောလယ် ချုံနွယ်ပိတ်ကြား သားရဲတိရိစ္ဆာန်တွေ ခိုအောင်းကျက်စားလေ့ရှိတဲ့ ဂူမျိုးလည်းမဟုတ်။ မြေအောက်မှာ။ တကယ်လို့သာ ဓာတ်လှေကားလို ခေတ်မီနည်းပညာအကူ မရှိလျှင်ဖြင့် ဒီဂူထဲ ကိုယ်တော့ ဘယ်လိုမှ ရောက်လာနိုင်လိမ့်မယ် မဟုတ်တာ သေချာတယ်။

အံ့ဖွယ်အရာတိုင်းမှာ ထင်ရှားတဲ့သမိုင်းကြောင်း ရှိတတ်မြဲ မဟုတ်လား။ ဒီ ဟောက်စ်ကေ့ဗ်မှာလည်း သူ့သမိုင်းကြောင်းရှိတာပဲပေ့ါ။ သို့ပေမယ့် ဒီသမိုင်းကြောင်းကို စတင်ရေးထိုးသူက အသိဉာဏ်ရှိတဲ့ လူသားတစ်ဦးမဟုတ်ပဲ တိရစ္ဆာန်တွေဖြစ်နေတာကတော့ ဒီဂူရဲ့ ထူးခြားချက်တစ်ခုလို့ ဆိုရမှာပါ။ လူသားတွေ ဒီဂူကို မတွေ့မီ ဒီနေရာဒေသက ရက်အင်ဒီယန်တွေကြားမှာ တစ်ထောင့်ခုနစ်ရာဦးပိုင်းကတည်းကစလို့ ပြောရိုးစကားရှိခဲ့ဘူးတယ်။ ‘အလွန်တရာ ပူလောင်တဲ့နေ့မျိုးမှာ လေချွန်ကျောက်စိုင်ကျောက်ခဲတွေဆီကနေ အေးမြတဲ့ လေညင်းလေးတွေ တိုက်ခတ်လို့ လာတတ်တယ်’တဲ့။

ဒီရိုးရာယုံကြမှုကို အဖြေပေးခဲ့တာက မစ္စတာ လက်စတာ ဟောရဲ့ **(Lester Howe)** ရဲ့ နွားများပဲပေ့ါ။ အပူချိန်ကဲတဲ့နေ့များမှာ လက်စတာရဲ့နွားတွေက မြေအောက်လိုဏ်ဂူကနေ တိုက်ခတ်လာတဲ့ လေပြေလေးရဲ့ အေးမြမှုကို ခံလုံဖို့ ဂူပေါက်ဝရှိရာကို စုရုံးပြီးရောက်နေတတ်ကြတယ်။ ဒါကို မစ္စတာဟောက တော်တော်နဲ့ မရိပ်စားမိခဲ့ဘူး။ အတန်ကြာမှ သူ့နွားတွေ သွားတတ်လေ့ရှိတဲ့နေရာကို သူကိုယ်တိုင်သွားကြည့်မိတယ်။ ဒီတော့မှ ထူးခြားတဲ့အပူချိန် ပြောင်းလဲမှုဖြစ်နေတာကို သိရှိပြီး ခြုံနွယ်ပိတ်ပေါင်းတွေကို ရှင်းလင်းလိုက်တော့ ခုဟောက်စ်ကေ့ဗ်လို့ခေါ်နေကြတဲ့ ဂူကို လူသားတွေ စတင်တွေ့ရှိခဲ့တယ်ပေ့ါ။ ဒီတော့ဒီဂူကို စတင်တွေ့ရှိသူဟာ နွားတွေပါလို့ ဆိုရမှာပါ။ နာမည်ကတော့ မစ္စတာဟောရဲ့ အမည်တွင်တာပေ့ါလေ။ နွားတွေက မှတ်တမ်းမှ မတင်တတ်တာကိုး။ ဂူအတွင်းကို မစ္စတာ ဟောတို့ ၁၈၄၂ ခု မေ ၂၂ ရက်မှာ စတင်ဝင်ရောက်ခဲ့တယ်တဲ့။

တကယ်ဆို မြေအောက် ပေ ၁၅၀ လောက်အနက်မှာရှိနေတာမို့ ဂူထဲမှာ နွေးထွေးနေရမှာပါ။ သို့ပေမယ့် ဂူထဲမှာ အမြဲမပြတ် စီးဆင်းနေတဲ့ စမ်းချောင်းလေးတစ်ခုက ရှိနေတယ်လေ။ ဒီစမ်းချောင်းလေးထဲမှာ စီးဆင်းနေတဲ့ရေက အမြဲတမ်း လေးဆယ့်နှစ်ဒီဂရီ ဖာရင်ဟိုက်တဲ့။ ဂူအတွင်း အပူချိန်ကတော့ အမြဲတမ်း ငါးဆယ့်နှစ်ဒီဂရီပါတဲ့။ ပြင်ပကမ္ဘာရဲ့ ရာသီ အပြောင်းအလဲက ဂူလေးထဲကို လုံးဝမရိုက်ခတ်တဲ့ သဘောပေ့ါ။ တကယ်ဆို ကိုယ်ရောက်တဲ့အချိန်မှာ အပြင်အပူချိန်က ၇၅ ဒီဂရီ ဖာရင်ဟိုက်ဝန်းကျင်။ ဒီပတ်ဝန်းကျင်မှာက ဆောင်းအခါများမှာဆို ရေခဲမှတ်အောက် ရောက်နေတတ်တာများတာ။ ငါးဆယ့်နှစ်ဒီဂရီ ထာဝရဆိုတာ စိတ်ဝင်စားစရာ။

နေးတစ်ဗ် အမေရိကန်တွေက **(Cave of the Great Galleries)** အလွန်လှပခမ်းနားတဲ့ ပြခန်းကြီးလို့ခေါ်ဝေါ်တဲ့ ဒီဂူထဲမှာ ကျောက်စိုင်ကျောက်ခဲများကြားကနေ တစိမ့်စိမ့်လေး စီးမျောကျလာတဲ့ ရေတိုက်စားမှုကြောင့် ကျောက်သားတွေရဲ့ အသွင်အမျိုးမျိုး၊ အရောင်အမျိုးမျိုး၊ ပုံဟန်အမျိုးမျိုး ဖြစ်နေပုံက စိတ်ဝင်စားစရာကောင်းလှပါတယ်။ ပြတင်းတံခါးဝမှာ ကတ္တီပါပိတ်စလေး ဖွတရချထားတာကို မွှမွှလေး တိုက်ခတ်လာတဲ့ လေပြေကြောင့် ဆဆလေးလှုပ်ရမ်းနေတဲ့အသွင်။ အီတလီက ယိမ်းယိုင်နေတဲ့ ပီဆာမျှော်စင်လိုက တမျိုး။ တရုတ်ဘုရားရှိခိုးကျောင်းလို အဆောက်

အဉီက တသွယ်။ ပင်လယ်ကမ်းခြေမှာ တွေ့မြင်နေကျ ဖြူလွလွ သဲသောင်ပြင်အလှလို နေရာမျိုးလည်းရှိရဲ့။ ဂူနံရံရဲ့ တနေရာမှာတော့ ကျောက်စိုင်တွေ တွဲလောင်းခိုနေပုံက အနက်ရောင်ဝတ်ရုံ သိုင်းခြုံထားတဲ့ နှာကောက်ကောက် လက်သည်းရှည်ရှည် ကဝေမကြီး လေဟုန်စီးနေသည့်နယ်။ ဧည့်လမ်းညွှန်က ခဏရပ်တန့်လို့ ‘ကဝေမ ဘယ်နှစ်ယောက်ကို မြင်ပါသလဲ’ တဲ့။ တချို့က တစ်ယောက်၊ တချို့က နှစ်ယောက်၊ အဲတချို့ကတော့ သုံးယောက်မြင်ရတယ်တဲ့။ ကိုယ်ကတော့ နှစ်ယောက်ပဲမြင်တယ်။ သူမက သူ့မှာပါလာတဲ့ လက်နှိပ်ဓာတ်မီးနဲ့ တစ်ခုချင်း ရှင်းပြကာမှ ကဝေမက လေးယောက်။ ကျောင်းမှာတုံးက Perception ဆိုတဲ့ စိတ်ပညာဆိုင်ရာ အခန်းကိုယူတော့ အမြင်အာရုံ စမ်းသပ်မှုတစ်ခုမှာ အရုပ်တစ်ရုပ်ပြပြီး ဘာကိုမြင်ရသလဲလို့မေးရာမှာ တချို့က ယုန်တစ်ကောင်၊ တချို့က ဘဲတစ်ကောင် ၊ တချို့ကတော့ ဘာကောင်မှ အထူးမမြင်ရဘူးလို့ ဖြေကြတာကို သွားသတိရမိတယ်။ ခုလဲ ကဝေမလေးယောက်မှာ ကိုယ်က နှစ်ယောက်ပဲ မြင်တာဆိုတော့ အမှတ်ပေးမယ်ဆိုလျှင် ငါးဆယ်ရာခိုင်နှုန်းသာရမယ်။ ဂရိတ် အက်ဖ်။ ဒါဆို ကိုယ်စာမေးပွဲကျပြီပေါ့။

ဂူတလျှောက် မီးလုံးတွေကို မမြင်နိုင်အောင် ကွယ်ကာပြီး ထွန်းညှိထားတဲ့ ဖြူနီဝါပြာ မီးရောင်လေးများရဲ့အလှက ဂူနံရံ၊ ဂူအမိုးနဲ့ စမ်းချောင်းထဲရှိ ကျောက်စိုင်ကျောက်သားတို့ရဲ့ အလှကို ပိုမိုရပေါ်လွင် ရုပ်လုံးကြွစေပါတယ်။ ဒါက လူဖန်တီးတဲ့ အနုပညာ။ အော်–တကယ်လို့ သင့်မှာ ရည်စူးထားတဲ့ အဖော်မွန်ပါလာလျှင်တော့ ဝက်ဒင်းရှပယ်မှာ ရှိတဲ့ သဘာဝကျောက်သား အသဲပုံလေးပေါ်မှာ ခဏလေးဖြစ်ဖြစ် အတူတူယှဉ်ကာ ရပ်ပေ့ါ။ သူတို့အဆိုအရ အဲဒီလိုရပ်ခဲ့လျှင် တစ်နှစ်အတွင်း သင်တို့လပ်ထပ်ခွင့်ရနိုင်မယ်တဲ့။ ဒီအသဲလေးရှိရာ မြေအောက်မင်္ဂလာ ခမ်းမလေးမှာ လက်ထပ်ခဲ့တဲ့စုံတွဲတွေ ငါးရာကျော်ရှိပြီတဲ့လေ။ ကောင်းကင်မှာလက်ထပ်သူ၊ ရေအောက်မှာ လက်ထပ်သူ၊ ဒီနေရာလေးကတော့ မြေအောက်မှာ လပ်ထပ်လိုသူတွေအတွက်။ ရွေးချယ်စရာ နေရာကောင်းလေးဖြစ်မှာပေ့ါ။

ဂူအတွင်းက စမ်းချောင်းလေးတစ်လျှောက် လှေ့လာသူတွေလျှောက်လှမ်းဖို့ ဖောက်လုပ်ထားတဲ့ လမ်းကလေးက ချစ်စရာ။ အောက်မှာ တသွင်သွင်စီးဆင်းနေတဲ့ စမ်းချောင်းလေးပေါ်ကို အုပ်မိုးတဲ့အခါ အုပ်မိုး။ စမ်းချောင်းလေး ကမ်းနံဘေးမှာ စမ်းချောင်းလေးနဲ့အပြိုင် ယှဉ်လျှက်ရှိတဲ့အခါရှိ။ စမ်းချောင်းလေးအပေါ် ကန့်လတ်ဖြတ်ကူးလို့ တံတားလေးတွေ ထိုးတဲ့အခါထိုးလို့။ ထူးထူးခြားခြားရှိတဲ့ နေရာများမှာဆိုလျှင်တော့ လူလေးငါးဆယ်မျှ ချောင်ချောင်ချိချိ ရပ်နိုင်အောင် နေရာလေးတွေကိုလည်း ဖန်တီးထားတယ်။ သင်လျှောက်လာရတာ မောလာလျှင်လည်း ဒီနေရာလေးတွေမှာ ရှိတတ်တဲ့ တစ်ခုတည်းသော ထိုင်ခုံလေးတွေမှာ ခဏတော့ နားနိုင်ပါတယ်။ ဒါပေမယ့် ကြာကြာတော့ အချိန်ရနိုင်မယ် မဟုတ်ဘူးပေ့ါ။ ဂူအတွင်းမှာ တဖွဲ့နဲ့တဖွဲ့ မထပ်ရအောင် အချိန်ကို စနစ်တကျ စီမံပေးထားတာလေ။ ဒါမှ ဂူအဆုံးကိုရောက်တဲ့အခါ  မြေအောက်ကမ္ဘာမှာတည်ရှိတဲ့ ဗီးနပ်ရေကန်လေးထဲမှာ ၂ စင်းထဲသာရှိတဲ့ လှေလေးကို စီးလို့ ပါလာတဲ့သူအားလုံး ဟောက်စ်ကေ့ဗ်ရဲ့ အမှတ်တရဖြစ်ရဆုံး ခရီးကို နှင်နိုင်ကြမယ် မဟုတ်လား။

ကိုယ်အဖို့တော့ ခရီးအဆုံး ဗီနပ်ရေကန်လေးကိုအရောက် ခေတ္တအမှောင်ချလိုက်တဲ့ ကာလလေးဟာ အမှတ်ဖွယ် ဖြစ်ရဆုံးပေ့ါ။ ခရီးအဆုံး ဟိုဖက် ပေ ၂၀၀၀ ကျော်ကတော့ ဆက်လက်ရှာဖွေလေ့လာနေဆဲ။ တစ်ချိန်ချိန်မှာတော့ အများပြည်သူ လေ့လာလည်ပတ်လာနိုင်လာမလား မသိ။ ခုချိန်မှာတော့ ဒီခရီးဆုံးပွိုင့်မှာ ဗီနပ်ရေကန်လေးကိုဖြတ်စီးသွားတဲ့ စမ်းချောင်းလေးက မှောင်နေတဲ့ချောက်ထဲကို စီးဝင်သွားတယ်။ ရေကန်လေးအဆုံးမှာ ကြိုးနှစ်ချောင်းကို လျော့ရိလျော့ရဲ ချည်နှောင်ထားတယ်။ အဆင်မသင့်လျှင် ကိုယ်တို့စီးလာတဲ့လှေလေး ဒီချောက်ထဲကို ဇောက်ထိုးစိုက်ဆင်းသွားနိုင်တယ်ဆိုတဲ့သဘော။ ချောက်အကြောင်း ရှင်းပြလို့အဆုံးမှာတော့ ပါလာတဲ့ ဘာအလင်းကိုမှ အသုံးမပြုကြဖို့ပြောပြီး ၂ မိနစ်ခန့် အမှောင်ချလိုက်တယ်။

ကိုယ်တို့ရောက်နေတာက မြေပြင်အောက် ပေ ၁၅၀ အနက်မှာ ရှိတဲ့ ကျောက်တုံးကျောက်စိုင်ကြားစီးမျောနေတဲ့ စမ်းချောင်းလေးထဲမှာ။ တစ်ဖက်မှာ ဘယ်လောက်နက်တယ်လို့ မသိရတဲ့ ချောက်တစ်ခု။ ဘေးနှစ်ဖက်မှာလည်း ဘယ်လောက်ထူတယ်လို့ ပြောဖို့ပင်မဖြစ်နိုင်တဲ့ ကျောက်နံရံကြီး၊ အမိုးကလည်း ခေါင်းလွတ်ရုံသာသာ။ ပိန်းပိတ်အောင် မှောင်နေတဲ့အမှောင်အောက်မှာ ချောက်ထဲကို စီးမျောကျနေတဲ့ ရေစီးသံက အလွန်မှပဲ ကျယ်လောင်လှ

တယ်လို့ ခံစားမိတယ်။ တကယ်လို့သာ ဋ္ဌေလမ်းညွှန်က မီးခဏပိတ်မယ်ဆိုတာ ကြိုပြောမထားခဲ့လျှင် အလွန်စိုးထိတ်ဖွယ်ရသကို ခံစားမိမှာ အမှန်ပါပဲ။ ကြိုတင်ပြောပြထားတာတောင်မှပဲ အားလုံးရဲ့ အာမေဋိတ်သံက တပြိုင်နက်တည်း ထွက်ပေါ်လာခဲ့တယ်။ မီးပြန်အဖွင့်မှာတော့ အားလုံးရဲ့ မျက်လုံးမှာ ရှက်ပြုံးကိုယ်စီရယ်နဲ့။




အမှောင်ကမ္ဘာဆိုတာ အလွန်မှ ထိတ်လန့်ဖွယ်ကောင်းတဲ့ အရာတစ်ခုပါပဲ။ ကျဉ်းကျပ်ခြင်းကလည်း စိုးရွံ့မှုကို ဖြစ်စေတတ်တာမျိုး။ မသေချာမှုက စိတ်ရှုပ်ထွေးအားငယ်ခြင်းကို အားကူပေးတတ်တယ်။ ကိုယ်ကတော့ ဟောဒီလို ပိန်းပိတ်အောင် မှောင်နေတဲ့ အမှောင်ကြားကနေ အလင်းတစ်စ မြင်လိုက်ရတယ်လို့ ခံစားလိုက်မိတယ်။ ဒီအကြောင်းကိုတော့ ကိုယ့်စိတ်တွေ အလွန့်အလွန်အေးချမ်းတည်ငြိမ်ပြီး စာရေးချင်စိတ်လည်း နက်နက်ရှိုင်းရှိုင်း ရှိနေချိန်မျိုးမှာ စာတစ်ပုဒ် ရေးဖြစ်ဦးမလားပါ။ ဟောက်စ်ကေ့ဗ်ဟာ ကိုယ့်ကို တွေးတောစရာတွေ တစ်ပုံကြီး ပေးလိုက်နိုင်ခဲ့တာ။ ။

မေတ္တာဖြင့်
အရှင်ဉာဏိက